## အဘယ်ကြောင့် ဘုရားသခင်သည် ဆိုးယုတ်ခြင်းများကို ခွင့်ပြုထားရပါသနည်း။

## Why does God Permit Evil ?

ဒီကနေ့ ကျွန်ုပ်တို့လေ့လာဖို့ရန် မေးခွန်းတခုဖြစ်သော လူတိုင်းလိုလိုပင်ဖြစ်ပေါ်လာသော *စိတ်နှလုံးနှင့်အတွေးများ* ဖြစ်ပါသည်။

တယောက်သောသူသည် သတင်းစာကိုဘဲဖြစ်ဖြစ် ရုပ်မြင်သံကြား **T.V** ကိုဘဲ ဖြစ်ဖြစ် **Radio** ရေဒီယိုကိုဘဲဖြစ်ဖြစ် ဖွင့်ကြည့်လိုက်မည်ဆိုလျှင် နေ့တိုင်းလိုလိုပင် ကြောက်မက်ဘွယ်ကောင်းသောအခြေအနေနှင့် သနားစရာကောင်းသောအခြေအနေများကို ကျွန်ုပ်တို့ကမ္ဘာပေါ်မှာ တွေ့မြင်ရပါမည်။

တနေရာရာမှာ ဖတ်မိမှာပါ။ အသစ်သောကြင်စဦးလင်မယားစုံတွဲတို့၏ ပျားရည်ဆန်းခရီးမှအပြန်ရုတ်တရက် သူတို့အပြစ်မဟုတ်ဘဲ ကားမတော်တဆထိခိုက်မှုကြောင့် နှစ်ဦးစလုံး ကြောက်မက်ဘွယ်သေ ဆုံးရသည်ကို ဖတ်မိမှာပါ။ လူတိုင်း၏ စိတ်နှလုံးထဲမှာ ဒါတွေသည် ဘာကြောင့် ဘာလိမ့်ဟု မေးခွန်းများ ဖြစ်ပေါ်လာရပါသည်။

- နောက်ထပ် ကျွန်ုပ်တို့တွေ့မိမှာပါ။ အပြစ်ကင်းစင်သောကလေးများ မွေးပြီး ရက်အနဲငယ်၊ လအနဲငယ်ဖြင့် သေဆုံးသွားခဲ့ရသည်မှာ အစာချို့တဲ့ကြောင့်လား၊ ဆေးဝါးမစုံလင်ကြောင့်လား၊ သည်လိုမျိုးသူတို့မွေးလာရတာကို အံ့အားသင့်မိပါသည်။
- နောက်တပ်တွေ့ရမှာတော့ ရာနှင့်ချီ၊ ထောင်နှင့်ချီသော အပြစ်မဲ့လူတွေ အမြောက်အများသေဆုံးရသည်မှာ၊ သေနိုင်သောအနာရောဂါနှင့် ကူးစက်ရောဂါများဖြစ်သည်။ **AIDS, SAARS,** ကျောက်ရောဂါ၊ ကိုရိုနာဗိုင်းရပ်ဘေး အစရှိသဖြင့် ဘာကြောင့်ပါလဲ မေးခွန်းများ၊
- စစ်ဆေး၊ တော်လှန်ပုန်ကန်ခြင်းများဖြင့် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များကို ကြီးမားသော အရေအတွက် ပျက်စီးဆုံးရှုံးရသည်မှာ နှစ်တိုင်းလိုလို၊ မြင်တွေ့ရမှာပါ။ ဘာကြောင့်ပါလဲ။
- လူဘုံလယ်တွင် တရားမျှတမှုမရှိခြင်း၊ လိမ်လည်လှည့်စားမှုများနှင့် စည်းမဲ့ကမ်းမဲ့ဖြစ်နေကြသော အားကြီးသောသူသည်၊ အားနဲသောသူတို့အပေါ်ကို ကြီးစိုးနေကြသည်ကိုလည်းမြင်ရပါမည်၊ ဒါတွေကို လည်း အရေးမထားလွှတ်ထားသည်မှာလည်း ဘာကြောင့်လဲ။
- ဒါပြင် လူသတ်မှု၊ ရက်စက်ကာကမ်းကြုတ်သောမှု၊ အစာငတ်မွတ်မှု၊ မုဒိန်းမှု များကို တရားစီရင်ခြင်းမရှိဘဲ၊ ဥပဒေ ချိုးဖောက်သူများကို မျက်ကွယ်ပြုထားကြသည်မှာ ဘာကြောင့်ပါလဲ။
- ဒါတင်မကသေးပါ။ သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ ဆိုင်ကလုံးမုန်တိုင်း၊ မြေငလျှင်လှုပ်ခြင်းများစသည်ဖြင့်၊ လူထောင်ပေါင်းများစွာ ဒုက္ခဆင်းရဲခံနေရတာကို ဘာတခုမျှမထိန်းချုပ်နိုင်ဘူးလာဟု ဒေါသတကြီးဖြစ်နေရသည်မှာလည်း ဘာကြောင့်လဲ။
- နောက်ထပ်တခု ကျွန်ုပ်တို့ နှစ်စဉ်မြင်တွေ့နေရသော ထောင်နဲ့ချီပြီး မသန်စွမ်းသူအဖြစ်၊ ခြေ၊ လက်၊ မျက်လုံးများ ဆုံးရှုံးခြင်းများနှင့် အာရုံကြောများ သန်စွမ်းမှုချို့တဲ့သောအခြေအနေဖြင့် အသက်ရှင် နေရသောသူများကိုလည်း တွေ့မြင်ရပါသည်။ ဒါပါကြောင့်လဲဟုမေးလာနိုင်ပါသည်။ ဤသို့ အော်ဟစ်မေးမြန်းမှုများကို များစွာသော စိတ်နှလုံးးထဲမှ ပေါ်ထွက်လာရပါသည်။ အဖြေကိုရှာရပါမည်။
- ဘုရားသခင်ဂရုမစိုက်လို့လား။
- ဤဒုက္ခပြသာနာများကို ဘုရားသခင်မကာကွယ်နိုင်လို့လား။

- ဘာကြောင့် ဘုရားက ဘာမျှမလုပ်ပေးနိုင်တာလဲ။
  ဤသို့ အလွန်အရေးပါသော မေးခွန်းများကို သန်းပေါင်းများစွာသော လူတို့၏ စိတ်နှလုံးထဲမှမေး လာကြပါသည်။
  အမှန်အားဖြင့် လူအများတို့သည် ကျေနပ်ဖွယ်သောအဖြေများကို မတွေ့ကြပါ။ သူတို့အတွက် ဤမေခွန်းများ၏ ဖြေရှင်းချက်မှာ *ဘုရားသခင် မရှိပါဟု* ကောက်ချက်ချပြီး ပြန်ဖြေဆိုပါမည်။
  ဘုရားသခင်ရှိ မည်ဆိုလျှင် ဤအားလုံးသောအခြေအနေများထဲမှ ဘုရားက တခုခုတော့မပြောင်း လဲပေးဘူးလားဟု မေး ကြပါမည်။
- ဘုရားသခင်သည်၊ သနားကြင်နာမှု၊ ဂရုဏာမရှိဘူးလား၊
  ဤမျှလောက်သော၊ ဝေဒနာများ၊ ဝမ်းနည်းမှုများနှင့် ဒုက္ခများ ရောက်နေကြသည်ကို မြင်တွေ့ကြုံနေရသည်ကို၊ ကြင်နာမှုမရှိဘူးလား၊ အဖြေက ထိုအချိန်ခါတွင် ဘယ်မှာတွေ့နိုင်ရမည်နည်း။
  ဤသို့ ဘာကြောင့်လဲဆိုသော မေးခွန်းများကို လည်း ယနေ့ မေးစရာမဟုတ်ပါ။သို့ပသော်လည်း လူတွေ၏ နောက်ကြောင်းသမိုင်းကို ပြန်သွားကြည့်ဖို့လိုအပ်ပါသည်။
  အရင်တုန်းကထဲက ဘုရားသခင်၏ သန့်ရှင်းသောလူများနှင့် ပရောဖက်များတို့သည်လည်း ဤမေးခွန်းများကို ရှာဖွေပြီး မေးလာခဲ့ကြပါသည်။
- ပညာရှိဆရာအဖြစ် ဘုရင်မင်းကြီးရှောလမုန်၏ စကားကို နားထောင်ကြည့်မည်ဆိုလျှင်
  **(ဒေသနာ ၈း၁၆၊ ၁၇)** တွင် -

**"လူအချို့တို့သည် တနေ့နှင့်တညဥ့်လုံးမအိပ်ဘဲနေတတ်သည်ဖြစ်၍၊ ပညာတရားကို သိခြင်းငှါရင်း၊ မြေကြီးပေါ်မှာပြုသောအမှုများကို ကြည့်ရှုခြင်းငှါရင်း၊ ငါသည် ကိုယ်နှလုံးကို နှိုးဆော်၏။ ဘုရားသခင်ပြုတော်မူ သောအမှုအလုံးစုံတို့ကို ငါကြည့်ရှုသောအခါ နေအောက်မှာပြုသော အမှုများကို လူသည် စစ်၍မကုန်နိုင်၊ ကြိုးစား၍ စစ်သော်လည်း အကုန်အစင်မသိနိုင် ထိုမျှမက ပညာရှိသော သူသည် ငါသိမည်ဟု ကြံသော်လည်း အကြံမမြောက်နိုင်ရာ။"**

ဤကျမ်းပိုဒ်အားဖြင့် ပညာအရှိဆုံးသူ ရှောလမုန်မင်းကြီးပင်လျှင်၊ ဤကောက်ချက်အတိုင်းပင်ဖြစ်ပါသည်။

စိတ်ရှည်သည်းခံတတ်သော ယောဘ၏ ဆိုစကားမှာလည်း

**"ကိုယ်တော်သည် ညှင်းဆဲတော်မူသင့်သလော၊ ကိုယ်တိုင်ဖန်ဆင်းသောအရာကို ရှုံ့ရှာ၍ လူဆိုးတို့၏အကြံအစည်ကို၊ ကောင်းကြီးပေးတော်မူသင့်သလော။" (ယောဘ ၁၀း၃)**

မှန်ပါသည်။ ဤသို့သောစကားမျိုးကို သန်းပေါင်းများစွာသော လူတို့၏ နှုတ်ခမ်းမှသော်၎င်း စိတ်ထဲမှသော်၎င်းပြောဆိုခဲ့မိမှာပါ။ ပရောဖက် ဟဗက္ကုတ်လည်း ပြောခဲ့သည်မှာ -

**"အိုထာဝရဘုရား ကိုယ်တော်သည် ကြားတော်မမူဘဲ၊ အဘယ်မျှကာလပတ်လုံး၊ အကျွန်ုပ်အော်ဟစ်ရပါမည်နည်း။ ကယ်တင်တော်မမူဘဲ၊ အကျွန်ုပ်သည် အဓမ္မအမှုကိုခံ၍ ရှေ့တော်၌အဘယ်မျှကာလ ပတ်လုံး၊ အော်ဟစ်ရပါမည်နည်း။" (ဟာဗ ၁း၂)**

ထိုသို့ သန်းပေါင်းများစွာသော လူတို့၏ စိတ်ထဲမှာ အော်ဟစ်ကြပါသည်။
ထိုနောက် ဆာလံဆရာဒါဝိဒ်၏ စကားလုံးများကို ကြည့်လျှင်

**"အိုဘုရားရှင်နိုးတော်မူပါ အဘယ့်ကြောင့်ကျိန်းစက်တော်မူသနည်း။ ထတော်မူပါ။ အကျွန်ုပ်တို့ကို အစဉ်စွန့်ပစ်တော်မမူပါနှင့်။"(ဆာလံ ၄၄း၂၃)**

ရှင်ဘုရင်ဒါဝိဒ်မင်းသည်လည်း ထာဝရဘုရားကို အိမ်ပျော်နေသလားဟု အပြစ်တင်ထားသော ဆာလံကျမ်းမှ

**"သင့်ကိုစောင့်သောသူသည် အိပ်တော်မမူ။" (ဆာလံ ၁၂၁း၃)**

သူတို့လည်း အဖြေကိုရှာကြပါသည်။ သူတို့အတွက် ပဟေဠိဆန်မေးခွန်းများဖြစ်လာရပါသည်။ မြောက်များသောအကြောင်းအရာများကြောင့်၊ ပဟေဠိဆန်များဖြစ်လာရပါသည်။ သမ္မာကျမ်းစာထဲတွင် ဘုရားသခင်သည် တရားသည်၊ ကောင်းသည်၊ သန့်ရှင်းသည်၊ ထို့အပြင်မကောင်းမှုမျိုးစုံတို့ကို မုန်းသောသူ ဖြစ်ပါသည်။

**"ကိုယ်တော်သည် မတရားသောအမှုကို နှစ်သက်သော ဘုရားမဟုတ်၊ဆိုးသောသူကိုလက်ခံတော်မမူ၊ မိုက်သောသူသည် အထံတော်သို့မဝင်ရ၊ မတရားသဖြင့်ပြုသောသူအပေါင်းတို့ကို မုန်းတော်မူ၏။" (ဆာ ၅း၄.၅)**

ထိုအပြင် အားလုံးကို ခြုံငုံလိုက်လျှင်၊ ဘုရားသခင် ထာသရဘုရားသည် ခွန်အားတန်ခိုးနှင့် ပြည့်စုံသည်၊ အနန္တဘုန်းတန်းခိုးနှင့် ပြည့်စုံသည်။ မည်သူတဦးမျှမဆန့်ကျင်နိုင်ပါ။

**"ကောင်းကင်မိုးလ်ခြေအရှင်ထာဝရဘုရား၏အကြံတော်ကို၊ အဘယ်သူဖျက်လိမ့်မည်နည်း ဆန့်တော်မူသောလက်တော်ကို၊ အဘယ်သူ လှန်လိမ့်မည်နည်း။" (ဟေရှာ ၁၄း၂၇)**

- ထိုသို့သောတရားမှုရှိခြင်း၊ ချစ်ခြင်းမေတ္တာရှိခြင်း၊ အရာရာတိုင်းတန်ခိုးခွန်အားရှိသော ဘုရားသခင်သည် ဘာကြောင့် ဤကမ္ဘာလောကသားများကို များစွာသော ဆိုးဝါမှုများကြုံတွေ့ရဖို့ ခွင့်ပြုနေရပါသ နည်း။
- သည်အမေးများကို ဖြေနိုင်ပါသည်။ အဖြေလည်းရှိပါသည်။ သို့သော် ဘုရားသခင်၏ရှေ့သန့်ရှင်းသူများနှင့်ပရောဖက်များတို့သည်၊ အဖြေကိုရှာမတွေ့ကြပါ။ သင်သည်လည်း ယနေ့ ကျွန်ုပ်တို့အဖြေကို ရှာ၍ရနိုင်မည်ကို ထင်ပါသလား။
- ထိုအဖြေသည်မည်သူ့တွင်ရှိပါသနည်း။
- ဘာကြောင့် ဘုရားသခင်ကိုယ်တိုင်ဖြစ်ရပါသလဲ။

သူကိုယ်တိုင်စကားတော်ကို ကြည့်မည်ဆိုလျှင်သူ့ကို မေးမည်ဆိုလျှင်၊

**"ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီးသောအရာ <u>သင်မသိနိုင်အောင်</u> နက်နဲသောအရာ ကိုငါပြမည်။" (ယေ ၃၃း၃)**

ကျွန်ုပ်တို့စဉ်းစားကြည့်ပါ။ ကြီးမြတ်တော်မူသော ဘုရားသခင်၊စကြဝဠာတခုလုံးကို ဖန်ဆင်း

တော်မူသော ဘုရားသခင် ကိုယ်တော်တိုင် သူ့ကို မေးဘို့ရန် ဖိတ်ခေါ်နေပါသည်။ ဒါဆိုဘုရားသခင်ကို ယုံကြည်အားကိုးဖို့ခက်နေပြီလား။ ဟေရှာယ ကျမ်းထဲမှာကြည့်လျှင် -

**"ထာဝရဘုရားမိန့်တော်မူသည်ကား လာကြ တရားစီရင်ကြကုန်အံ့ ---" (ဟေရှာ ၁း၁၈)**

ဘုရားသခင်ကိုယ်တိုင် အမေးများအတွက်ဖိတ်ခေါ်နေသည်ကို မြင်ရပါမည်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ အချို့သောသူသာလျှင်မေးဖူးကြပါသည်။ အမှန်အားဖြင့် ဤမေးဖို့ရန်ကို သခင်ယေရှုကလည်း ထပ်မံပြီးပြောဆိုထားပါသည်။ **(မ ၇း၇)**

**"(Ask)တောင်းကြလော့၊ (Ask)တောင်းလျှင်ရမည်။ ရှာကြလော့ ရှာလျှင်တွေ့မည်။**
**တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။"**

သခင်ယေရှုကလည်း မေးပါ၊ ရှာပါနှင့်ခေါက်ပါဟု ဖိတ်ခေါ်ပါသည်။ သူ၏ဂတိတော်က (မ ၇း၈)

" (**Ask) တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူသည်လည်းတွေ့၏။ ခေါက်သော**
**သူအား လည်း၊ တံခါးကိုဖွင့်၏။"**

သတိပြုရမည်မှာ **(Ask)** တောင်းသောသူမည်သည်ကား မည်သူမဆို **(Every 0ne)** လူတိုင်းအတွက်ပင်ဖြစ်ပါသည်။

ဤအရာတို့သည် ဘုရားသခင်ထံမှ ကြီးမားသော အံ့သြစရာကောင်းလောက်သော ဂတိတော်ဖြစ်ပါသည်။

သို့သော်အချို့သောသူများသာ သခင်ယေရှု၏ စကားတော်ကို မှန်ကန်စွာနားလည်ကြပါသည်

လူအများစုတို့သည် လောကဆိုင်ရာပစ္စည်းများ၊ အလုပ်အကိုင်များ၊ အိမ်များ၊ ကားများ၊ ကြင် ယာများစသည်များကိုသာ မေးကြသည်။ တောင်းကြပါသည်။ သခင်ယေရှု၏ စကားတော် ဘာဆိုလို သည်ကို သူတို့မသိကြပါ။

သခင်ယေရှုသည် ကျွန်ုပ်တို့၏ မြေကြီးဆိုင်ရာလိုအပ်ချက်များကိုဘယ်လို့သင်ထားသည်ကို သူ၏နှုတ်ထွက်တော်ကို လေ့လာလျှင်- (မ ၆း၈)

၄ **"အကြောင်းမူကား သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ၊ သင်တို့အဘသိတော်မူ၏။"**

မှန်ပါသည်။ကျွန်ုပ်တို့၏ အဖဘုရားသည် ကျွန်ုပ်တို့မြေကြီးဆိုင်ရာဖြစ်သော စား၊ ဝတ်၊ နေရေးတို့ လိုအပ်မှုများကို သိနှင့်ထားပြီးပါသည်။

ထို့နည်းတူ မြေကြီးပေါ်တွင်ရှိသော မိဘများသည်လည်း သူတို့၏ သားသမီးများ၏ လိုအပ်ချက်များကို မေးစရာ၊ တောင်းစရာမလိုဘဲ။ ကြိုတင်စီစဉ်ပြီး ကျွေးမွေးကြပါသည်။ ထို့အတူ ကျွန်ုပ်တို့၏ ကောင်းကင်အဖဘုရားသခင်သည် ထိုမျှမကပို၍ စီစဉ်ထားပေးပြီးဖြစ်သည်။

သို့သော် ဤကတိတော်သည်၊ မြေကြီးဆိုင်ရာလိုအပ်မှုတို့ အားလုံးနှင့်မသက်ဆိုင်လှပါ။ ဤကတိတော်သည် ဝိညာဉ်ရေးဆိုင်ရာ အထက်နှင့်ဆိုင်သော ဂတိတော်ဖြစ်ပြီး၊ အထက်နှင့်ဆိုင်သောကောင်းကြီး

များဖြစ်သည်။ အသိပညာနှင့် ကျွမ်းဝင်ရင်းနှီးမှုပင်ဖြစ်ပါသည်။

သတိထားဖို့ရန် ဘုရားရှင်ဆီသို့မသွားဘဲ လူတိုင်းမေးသည့် ဤအမေးမျိုးကို အဖြေရရှိဖို့ရန် မျှော်လင့်နေ၍မရရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အလွန်ပင်အမျှော်အမြင်ရှိသော် လည်း နောက်ဆုံးသောအချိန်ကာလမှာ ရိုးစင်းစွာနေထိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ဤမေးခွန်းကိုမေးပါလျှင် ကျွန်ုပ်တို့ကို ပညာဉာဏ်အလင်းနှင့်အတူ အဖြေကိုပေးပါလိမ့်မည်။ ဘုရားသခင်သည်မည်သို့ပြောဆိုပြီး အဖြေပေးမည်နည်း။

**ထာဝရဘုရား၏ ကျမ်းစာကို ကြည့်ရှု၍ (လေ့လာရှာဖွေ) ဘတ်ကြလော့။ ထိုတိရိစ္ဆာန်တကောင်မျှ မပေါ် ဘဲမနေရ၊ အမတကောင်မျှ မိမိအဘော်ကိုမလိုရ၊ ထာဝရဘုရား၏ နှုတ်တော်ထွက်အမိန့်ရှိ၏။" (ဟေရှာ ၃၄း၁၆**

ဟုတ်ပေ၏။ မည်သူမဆို ကျမ်းစာကိုလေ့လာရှာဖွေနေသောသူတို့၏ ဘုရားသခင်၏ အာမခံချက်ဖြစ်သည်။

ထိုသို့ ဘုရားသခင်၏ နှုတ်တော်ထွက်ကို လေ့လာ ဖတ်ရှုခြင်းဖြင့် အရေးပါသော ကျမ်းပိုဒ်များကို ကျွန်ုပ်တို့တွေ့ရပြီး ဖြစ်ပျက်နေသည့်အကြောင်းအရာများ၏ အမေးများကို စတင်ပြီးဖြေဆိုနိုင်မည်ဖြစ်ပါ သည်။

**မိုက်မဲကောင်ကင်အောက်၌ပြုသမျှတို့ကို။ ဉာဏ်ပညာအားဖြင့် ရှာဖွေစစ်ဆေးခြင်းငှါ၊ နှလုံးထား၏ လူသားတို့ ကျင်လည်ရာဘို့ ထိုပင်ပန်းစေသောအမှု (to be Exereised) ကို ဘုရားသခင်ပေးတော် မူပြီ။ (ဒေသနာ ၁း၁၃)**

နောက်တဖန်

**လူသားတို့ ကျင်လည်ရာဘို့ ဘုရားသခင်ပေးတော်မူသော ပင်ပန်းခြင်းအမှု (to be Exercised) ကိုငါကြည့်မြင်ပြီ။" (ဒေ ၃း၁၀)**

ဤကျမ်းပိုဒ်တို့၏ အဓိပ္ပါယ်သည် မည်သို့နည်း။
(ပင်ပန်းခြင်းအမှုကို အင်္ဂလိပ်ကျမ်းစာထဲတွင် **to be exercised** ကျင်လည်ဖို့ရန်လေ့ကျင့်ခြင်း) ဟုရေးထားပါသည်။

ယခုလက်ရှိ ကမ္ဘာအခြေအနေများသည် နာကျင်ခြင်းဝမ်းနည်းခြင်း၊ တရားမျှတမှုမရှိခြင်း၊ လိမ်လည်ခြင်း လူသတ်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရခြင်း အစာငတ်မွတ်ခြင်း၊ အနာရောဂါဖြစ်ခြင်းနှင့် သေခြင်းများ ဖြစ်နေကြပါသည်။ ထိုအရာများကို ပြောရလျှင် နာကျင်စွာခံရသော ဒုက္ခဝေဒနာများဖြစ် သည်။

ဘုရားသခင်ပေးသော ပင်ပန်းခြင်းအမှုသည် မည်သို့အဓိပ္ပါယ်ဖော်ဆောင်နေသနည်း။
ဘုရားသခင်သည် လူသားတို့ကို မကောင်းမှု ဆိုးဝါးမှုအခြေအနေထဲတွင် ကျင်လည်စေဘို့ရန် ခွင့်ပြုထားပါသည်။

ကိုယ်ကာယလေ့ကျင့်ခန်းများလုပ်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်အတွက် ကျန်းမာသန်စွမ်းလာနိုင်သောအကျိုးကျေးဇူးဖြစ်လာသကဲ့သို့ အဓိပ္ပါယ်ကို ဖော်ဆောင်ပါသည်။

အချို့သော လူတို့သည်လည်း ဤကြောက်မက်ဖွယ်သောအတွေ့အကြုံ၊ နာကျင်ခြင်းဝေဒနာများ ထဲမှ

အကျိုးကျေးဇူးရရှိလာကြရသည် သူတို့သည် ကြီးမားသော သင်ခန်းစာများကို ဆင်းရဲဒုက္ခအခြေအနေထဲက သင်ကြားလေ့ကျက်လာကြရပါသည်။

မကောင်းမှုများကို ဘုရားသခင်ခွင့်ပြုထားရခြင်းမှာ ဘုရားသခင်၏ အကြံအစည်နှင့်ရည်ရွယ်ချက်များရှိနေသည်ကို အဓိပ္ပါယ်ဖော်ဆောင်ထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပြောထားသည်မှာ -

**"ထာဝရဘုရား မိန့်တော်မူသည်ကား ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေ တင်ရာခုံဖြစ်၏။" (ဟေရှာ ၆၆း၁)**

ဟုဆိုထားပါသည်။

ဤနေရာတွင် ဘုရားသခင်သည် ကြီးမားစွာထွက်ဆိုထားပါသည်။ ခြေတင်ရာခုံ **(foot stool)** ဖြစ်ပါသည်။ ခြေတင်ရာခုံဆိုသည်မှာ ရှင်ဘုရင်များ ပလ္လင်ပေါ်မှထိုင်နေစဉ်၊ သူ၏ခြေကို တင်ထားရန်အတွက်ပြုလုပ်ပေးထားသော ခုံငယ်ကိုဆိုလိုပါသည်။ ဤခြေတင်ရာခုံ ကျမ်းပိုဒ်အားဖြင့် ဘုရားသခင်သည် ဘာကိုဆိုလိုသနည်း။ ဘုရားသခင်သည် ကောင်းကင်ဘုံပေါ်တွင် ထိုင်နေတော်မူပြီး မြေကြီးပေါ်တွင် ခြေကိုတင်ထားသည်ကို ဆိုထားပါသလား။ ထိုသို့ဆိုထားသည်မဟုတ်ပါ။ ခြေတင်ရာခုံ ၏ ဒုတိယအဓိပ္ပါယ်တခုမှာ - (တ ၂၂း၃) တွင် တွေ့ရပါမည်။

**"ပေါလုကလည်း၊ အကျွန်ုပ်သည် ကိလိကိပြည် တာရှုမြို့၌ မွေးဖွားသော ယုဒလူဖြစ်ပါ၏။ ဤမြို့မှာလည်း ဂါမလျေလ အမည်ရှိသော ဆရာ၏ခြေရင်း (at the feet)၌ကျွေးမွေးခြင်း (learning)ကိုခံ၍ မိစဉ်ဘဆက်ကျင့်သော တရားကို သေချာစွာ သိနားလည်ခြင်းငှာ နည်းဥပဒေသကို ခံပါပြီ။ သင်တို့ရှိသမျှသည် ယနေ့တိုင်အောင် ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်နည်းတူ အကျွန်ုပ်လည်းစိတ်အားကြီးသဖြင့်၊ – – – –"**

တမန်တော်ပေါလုသည်၊ သူ၏သင်ယူနာကြားမှုသည် ဂါမလျေလ၏ခြေတော်ရင်းနားတွင်ဖြစ်ပါသည်။ ဂါမလျေလသည် နိဿရည်းဆရာတယောက်ဖြစ်ပါသည်။

**"ထိုအခါ လူအပေါင်းတို့ ရှိသေသောသူ ဂါမလျေလအမည်ရှိသောနိဿရည်ဆရာ ဖါရိရှဲတ ယောက်သည် လွှတ်တော်ပေါ်၌ ထ၍ တမန်တော်တို့ကို ပြင်သို့ခဏထွက်စေပြီးလျှင်၊" (တ ၅း၃၄)**

ခြေရင်း၌သင်ကြားခြင်း၊ ခြေအနားမှာ သင်ယူခြင်းသည် ခြေတင်ရာခုံကို ရည်ညွှန်းပါသည်။ ဘုရားသခင်ပြောသော ခြေတင်ရာခုံသည် ယခု ဤကမ္ဘာမြေ လောကကြီးသည် သင်ကြားနေရသောနေရာတခုဖြစ်ပါသည်။ မှန်ပါသည်။ သင်ကြားမှုကျောင်းတော်ကြီး ယခု ဤကမ္ဘာလောကကြီးပင်ဖြစ်ပါသည်။

ဤကျောင်းတော်ကြီး လေ့လာသင်ယူမှုကျောင်းကြီးတွင် မူကြိုအရွယ်၊ ကလေးငယ်များ၊ ဆယ်ကျော်သက်ရွယ် လူငယ်များ၊ အရွယ်ရောကသောသူ အသက်ကြီးသောသူများသည် သူတို့၏ အဆင့်အတန်းအလိုက် ရှိကြပြီး သင်တန်းသားများသည်လည်း အသက်အရွယ်အမျိုးမျိုးနှင့်အတန်းများ ခွဲခြားမှုမျိုးများကို တွေ့မြင်ရပါမည်။

ဘာကြောင့်များ နာကျင်မှုသင်ခန်းစာများကို အစီအစဉ်တရပ်အနေဖြင့် သင်ကြားရသနည်းဟု အချို့သောသူများမေးလာပါမည်။ ဘာကြောင့် ဘုရားသခင်သည် လူကို ဖန်ဆင်းထဲက မကောင်းမှု မ

လုပ်တတ်အောင် ဖန်ဆင်းမထားပေးဘူးလာ၊ မကောင်းမှုများကိုလုံးဝမဆီးတာပေးဘူးလားလို့ မေးလာခဲ့ သော်၊ ဘုရားသခင်သည် ဤသို့ဖန်ဆင်းပြုလုပ်ထားရမည်ဆိုလျှင်လည်း အလွန်ပင်လွယ်ကူစွာပြုလုပ်နိုင် ပါသည်။ သို့သော်လည်း ဤသို့သော လူသားများအတွက် လုပ်ရမည်မှာ ဘုရားသခင်၏ ရည်ရွယ်ချက်မ ဟုတ်ပါ။

- လူသည် စက်ယန္တယားမဟုတ်ပါ။ ဘုရားသခင်သည် စက်ယန္တယား ဖန်ဆင်းဖို့အတွက် မခက်ခဲပါ လူစက်ရုပ် **(Robots)** ကိုဖန်ဆင်းဖို့ရန်မဟုတ်ပါ။

ယခုခေတ်လူတို့သည် သူတို့ကိုယ်၌ကပင် စက်ရုပ်ကဲ့သို့ပြောဆိုခြင်း၊ သွားလာခြင်းတို့သည် တ ထပ်တည်းဖြစ်နေကြသည်။ ဆက်လက်လုပ်ဆောင်ရန် စီမံထားပြီးသားဖြစ်နေကြသည်။

ဘုရားသခင်သည် လူသားများကို ဖန်ဆင်းရာတွင်၊ စက်ရုပ်မျိုးနွယ်များဖြစ်ဖို့မဟုတ်ပါ။ လူကိုအ သက်ရှင်စေသောစက်လို၊ ကျွန်ခံခြင်း၊ အကြောင်းအကျိုးကို မသိမမြင်သော နာခံခြင်းမျိုး ဖြစ်ဖို့ရန် မဖန်ဆင်းပါ။ လူသားများအတွက် ဘုရားသခင်၏ အကြံအစည်မဟုတ်ပါ။ ပြန်လည်သတိရပါ။ ဘုရားသ ခင်သည် လူကိုဖန်ဆင်းရာတွင် မြေကြီးကို ရှင်ဘုရင်ကဲ့သို့ အုပ်စိုးဖို့ဖြစ်သည်။

**"အချင်းတို့ များပြားစွာ မွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကို၎င်း၊ မိုးယံကောင်းကင်ငှက်တို့ကို၎င်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရိစ္ဆာန်အပေါင်း တို့ကို၎င်း၊ အုပ်စိုးကြလော့။ ဟုမိန့်တော်မူ၍ သူတို့ကို ကောင်းကြီးပေးတော်မူ၏။" (က၁း၂၈)**

**"သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော်မူပြီ။" (ဆာ ၈း၅)**

**"ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍ – " (ဆာ ၈း၆)**

လူသည်စက်ရုပ်ဘုရင်မဟုတ်ပါ။

**"ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။" (က ၁း၂၇)**

မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းခြင်းသည် လူသည်စုံလင်ပြီး အပြစ်နှင့်ကင်းစင်၍ ဘုရားသ ခင်သည် စုံလင်သကဲ့သို့ဖြစ်ပါသည်။ လူသည်အသက်ကိုရပြီး သေဖို့ရန်မဟုတ်ဘဲ အသက်ရှင်ဖို့ရန် ဖြစ်ပါ သည်။ လူသည် အခြားသော ဘုရားသခင်၏ အင်္ဂါရပ်တခုကို ရှရှိထားပါသည်။ ထိုအရာမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ရရှိထားပါသည်။ မိမိစိတ်ဆန္ဒအလိုအတိုင်း ရွေးချယ်နိုင်ပါသည်။ မည်သို့ပြောမည်၊ မည်သို့စဉ်းစားမည် များကို လွတ်လပ်စွာ လုပ်နိုင်ပါသည်။

ဘုရားသခင်သည်လည်း ကျွန်ုပ်တို့ကို လွတ်လပ်စွာ တဦးချင်းစီကို ရွေးချယ်ပိုင်ခွင့်ပေးထားပါ သည်။ ဘုရားသခင်သည်လည်း ကိုယ်ပိုင်လုပ်ဆောင်မှုများကို လွတ်လပ်စွာပြုလုပ်နိုင်သလို၊ လူကို ဖန် ဆင်းခဲ့ပါသည်။

သို့ပါသော်လည်း ဤလွတ်လပ်မှုသည် ကြီးမားသော အန္တရာယ်ဖြစ်လာနိုင်သည် ပြိုင်ဆိုင်မှုနှစ်ခု (သို့) လမ်းနှစ်သွယ်ဖြစ်သော ကောင်းခြင်းနှင့်ဆိုးခြင်းတို့ဖြစ်ပါသည် ထိုနှစ်ခုမှလည်း ကိုယ်ပိုင်ရလဒ်များနှင့် ကောင်းကျိုးဆိုးကျိုးများ ရရှိစေပါသည်။

- ကောင်းကျိုးများသည် ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ထာဝရအသက်ဆီသို့ ပို့ဆောင်ပါသည်။
- ဆိုးကျိုးများမှာမူ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းနှင့်သေခြင်းသို့ ပို့ဆောင်ပါသည်။

လူသည်လည်း မှန်သော ရွေးချယ်မှုကို မိမိကိုယ်ပိုင်အသိဉာဏ်အားဖြင့် ရွေးချယ်နိုင်ပါသည်။

**“ငါတို့သည် ကိုယ်အဘို့အလိုငှါ စစ်၍တရားသဖြင့် စီရင်ကြကုန်အံ့။ ကောင်းသောအရာကို ကိုယ်တိုင်အား ဖြင့် သိမှတ်ကြကုန်အံ့။” (ယောဘ ၃၄း၄)**

လူသည်လည်း ရှင်းရှင်းနှင့် မှန်ကန်စွာ ရွေးချယ်တတ်ဖို့ရန် အကြောင်းရင်းနှစ်ရပ်ကို သေချာစွာ နားလည်းဖို့ရန်လိုပါသည်။

ကောင်းမြတ်သည့်အကျင့် စရိုက်နှင့်ရလဒ်ကို ရယူဖို့လိုပါသည်။ အချိန်များစွာ လိုအပ်ပါသည်။

ဤဖြစ်ရပ် များကို အဘယ့်ကြောင့် ဘုရားသခင်သည် လုပ်ခဲ့ရသည်မှာ လူအတွက် စည်းကမ်း ချက်အရ ကြုံကြိုက်သည့်အခါ အခွင့်ရှိသည့်အချိန်တိုင်းကိုပင်လျှင် ကောင်းခြင်းနှင့်ဆိုးခြင်းများကို ပိုမို၍နားလည်လာစေရန် ဘုရားသခင်၏ အကြံအစည်ထဲတွင် တခုအပါအဝင်ဖြစ်သောကြောင့်ပင်ဖြစ် သည်။

ဒေဝဉယျာဉ်ထဲရှိသောအပင်တပင်၏ နံမည်ကိုပေးထားခဲ့သည်မှာ -

**“ထာဝရအရှင်ဘုရားသခင်ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင်မှ တပါး – – –။” (က ၂း၁၆)**

ကောင်းမကောင်းကို သိကျွမ်းရာအပင် **(the tree of the Knowledge of good and evil)** ဟုခေါ်ဆိုထားခဲ့ပါသည်။

ဤအသီးကို စားလိုက်သည်နှင့် နားမထောင်ခြင်းစည်းကမ်းဖောက်ဖျက်ခြင်းကို အစပြုလိုက်ပြီး ကောင်းခြင်း၊ မကောင်းခြင်းကို ပိုမို၍ သိရှိနားလည်ရသော ဖြစ်စဉ်ထဲသို့ ပြောင်းလဲကာ ရောက်ရှိလာပါတော့သည်။ သို့သော် တချို့သောသူတို့ပသည် လူတို့၏ အသက်တာသည် ထိုတောင်းပြီး သေခြင်းမှာပင် အဆုံးသတ်မည်ဆိုလျှင် မည်သို့အကျိုးနှင့် ရည်ရွယ်ချက်များရှိသနည်းဟု မေးကောင်းမေးမြန်းလာနိုင်ပါသည်။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲမှ သမ္မာတရားမှလာသော လူသားတို့အားလုံးအတွက် ဘုရားသ ခင်၏အကြံအစည်တော်ကို နှိုင်းယှဉ်၍သိနိုင်ပါသည်။

**(လူသားအားလုံးသည် သေလွန်ပြီးလျှင် တဖန်ပြန်လည်၍ အသက်ရှင်ခွင့်ရပါသည်။)**

ဟုတ်ပါသည်။ ယုံပါသလား၊ မယုံဘူးလား။ အများစုအားဖြင့် မယုံနိုင်ပါ ယုံရခက်ပါသည် **(Unbelievable)** ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲတွင် ရေးသားမထားခဲလျှင် ကျွန်ုပ်တို့သည် ယုံဖို့ရန် ခက်ခဲခဲ့ မှာပါ။

ဤအခွင့်အလန်းတရပ်အနေဖြင့် လူသားအားလုံးအတွက် ပြန်လည်ထမြောက်လာသည့်အချိန် ကာလတွင် တဖန်ပြန်လည် အသက်ရှင်ခွင့် ရရှိလာရခြင်းမှာ တူညီသော ရွေးနှုတ်ခြင်း ဖြစ်သည့် သခင်ယေရှု၏ ယဇ်ပူဇော်ခြင်းနှင့် ကရာနီကုန်း ကားတိုင်ပေါ်တွင် အသေခံခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**“လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့။” (၁ကော ၁၅း၂၂)**

အမြဲတမ်းမေးနေကြမေးခွန်းတခုဖြစ်သော လူအားလုံးကို ပြန်လည်အသက်ရှင်နိုင်ပါသလား။

ကောင်းသောလူနှင့် ဆိုးသောလူတို့လည်း ပါနိုင်ပါသလား။
တမန်တော်ပေါလုသည် (တ ၂၄း၁၅) တွင် ဤအဖြေကို အတည်ပြုထားခဲ့ပါသည်။

**"ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူရှိသမျှတို့သည် သေခြင်းမှ ထမြောက်ကြလိမ့်မည်ဟူ၍ သူတို့မျှော်လင့်သည်နည်းတူ အကျွန်ုပ်လည်း ဘုရားသခင်ကို အမှီပြု၍ မျှော်လင့်ပါ၏။" (တ ၂၄း၁၅)**

ရှင်းလင်းစွာမြင်နိုင်ပါသည် ထို့အတူ သခင်ယေရှုသည်လည်း ထို့အတူ ရှင်းလင်စွာပြောဆိုခဲ့သည်မှာ -

**"ဤအမှုအရာကို အံ့သြခြင်းမရှိကြနှင့် သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ထွက်ရမည့်အချိန်ကာလရောက်လတံ့။" (ယော ၅း၂၈)**

မှန်ပါသည်။ လူသားအားလုံးတို့သည် သခင်ယေရှု ဒုတိယအကြိမ် ကြွလာပြီး ဘုရားသခင်နိုင်ငံတော်တည်ထောင်သောအခါ ပြန်လည်၍အသက်ရှင်လာကြပါမည်။ ထိုအချိန်တွင် ယခုလက်ရှိ မကောင်းမှု အုပ်စိုးခြင်းသည် ရပ်တံ့ပါလိမ့်မည်။ ထို့နောက် တရားသဖြင့် အုပ်စိုးခြင်းသည် စတင်လာပါမည်။

လောကသားများအားလုံးအတွက် ဒုတိယအခွင့်အရေး **(Second Chance)**ရရှိကြမည်ဖြစ်ပါသည်။ အခွင့်အရေးတခုအနေဖြင့် နောင်တရပြီးပြန်လည်ပြုပြင်လာနိုင်ပါသည်။ ထို့အတူ အပြစ်လွှတ်ခြင်းအခွင့်ကို တောင်းခံလာနိုင်သည်။ ကြီးမားသောအမှားများစွာနှင့် မှားယွင်းသော လုပ်ဆောင်ပြုမူချက်များကိုလည်း ဝမ်းနဲစွာဖြင့် အမှန်တ ကယ်သိရှိလာနိုင်သော အခွင့်အရေးတခုပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် လူသတ်သမားများနှင့် လူသတ်မှုဖြင့် ကျူးလွန်သူများသည် တဦးနှင့်တဦးမျက်နှာချင်းဆိုင်ပြီးမတ်တတ်ရပ်လျက် အသက်ရှင်လာကြသောအခါတွင်ရမည့်အခွင့်အရေးရှိပါသည်။ မြောက်များစွာသော အကျဉ်းထောင်ထဲကျနေသူများသည် သူတို့၏ ကြီးသော ဥပဒေချိုးဖောက်ပြီး ပြစ်မှုကျူးလွန်သူများဖြစ်ပါသည်။ သူတို့သည်လည်း အကျဉ်းထောင်ထဲသို့ရောက်သောအခါ တွေးကောင်းတွေးစဉ်းစားလာနိုင်သည်မှာ အကယ်၍များ နောက်တဖန်ပြန်ပြီးအရင်က နေလာခဲ့ရသလိုဖြစ်လာခဲ့လျှင် ယခုသိသွားခဲ့ရသလို အခွင့်အရေးရခဲ့ပါလျှင် မိမိ၏ အသက်တာကို အရင်ကလုပ်မိခဲ့သည့်အမှားများကို မလုပ်တော့ပါ။ အသစ်သောအသက်တာကို ပြန်စပါမည်ဟု စဉ်းစားတွေးမိကြမှာပါ။

ဟုတ်ပါသည်။ လူအများတို့သည် ဤသို့ပသောလိုအင်ဆန္ဒများရှိကြပါသည်။ ဘုရားသခင်က လည်း ဤသို့သောအခွင့်အရေးကြီးတခုကို လူအပေါင်းတို့ကိုပေးနေပါသည်။

ဘုရားသခင်၏ အကြံအစည်ထဲတွင် ဘာကြောင့်အချိန်ကာလအပိုင်းအခြားနှစ်ခုကြီးပါရှိရသနည်း။

- ပထမအချိန်ကာလမှာ အာဒံအပြစ်ကျဆင်းခြင်းမှ မျက်မြင်ရမည့် မြေကြီးနိုင်ငံတော်တည်ထောင်သောအချိန်အထိ၊ မကောင်းဆိုးဝါးမှုများ ခွင့်ပြုထားသောအချိန် (အာဒံကြောင့် လူအပေါင်းတို့သေရသကဲ့သို့) နှင့်
- ဒုတိယအချိန်ကာလမှာ ဖြောင့်မတ်ခြင်းတရားကို နားလည်လာရမည့် ကောင်းသောအချိန်ကာလ

**"ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်း တရားတည်နေရာမိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မျှော်လင့်ကြ၏။" (၂ပေ ၃း၁၃)**

ဘုရားသခင်၏နိုင်ငံတော် မျက်မြင်ရမည့် မြေကြီးနိုင်ငံတော်စတင်တည်ထောင်ပြီး နှစ်တထောင်ကာလအဆုံးထိအချိန်ဖြစ်ပါသည်။

**(ခရစ်တော်ကြောင့် လူအပေါင်းတို့သည် အသက်ရှင်ရသောအချိန်ဖြစ်ပါသည်။)**

ထို့သို့သောကြောင့် လူအပေါင်းတို့၏အသက်တာသည် အခြေအနေနှင့် ကာလအပိုင်းအခြားနှစ်ခုရှိပါသည်။ အမှန်တကယ်မှာ လူတိုင်းသည် နှစ်ခါအသက်ရှင်နိုင်သည်။ အချို့တို့ကို အလွန်နက်ရှိုင်းသောသမ္မာကျမ်းစာထဲတွင်မြင်ရနိုင်ပါသည်။ ဤသည်မှာ လူသားများအတွက် ဘုရားသခင်၏အကြံအစည်တော်ဖြစ်ပါသည်။ (ရော ၈း၂၀၊ ၂၁) တွင်

**"ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည်မဟုတ်။ ဘုရားသခင်သားတို့၏ ထူးမြတ်သောလွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွတ်ခြင်းချမ်းသာကိုဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကို ပေး၍ အနိစ္စနိုင်ငံသို့ပလိုက်စေတော်မူသောသူ၏အလိုတော်ကြောင့်သာလိုက်ရ၏။"**

ဤသို့ ဘုရားသခင်၏ အကြံအစည်တော်အတိုချုံးအနေဖြင့် ပြော၍ရပါသည်။ နှစ်ခုသောအခြေအနေ (သို့) အသက်တာကို ပြောပါသည်။ အခြေအနေတခုမှာ ဖောက်ပြန်ပျက်စီးခြင်းကို အနှောင်ဖွဲ့ပြီးချည်နှောင်ထားခြင်းနှင့် ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာကို ရသောအခြေအနေတို့ဖြစ်ပါသည်။

ဤလောကကြီးသည်လည်း လူသားမျိုးနွယ်အားလုံးလိုပင်အပြစ်နှင့် သေခြင်းသို့ပို့ဆောင်နေပါ သည်။

**"အကျွန်ုပ်သည် မွေးစကပင်အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင်အပြစ်ခွဲပါ၏။" (ဆာ ၅၁း၅)**

**ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင် ၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့်သေခြင်းသို့ရောက်ရကြ၏။ (ရော ၅း၁၂)**

မိဘများကပင် သူတို့၏ ကိုယ်စားကလေးများမမွေးမီ၊ မွေးပြီးနို့စို့ကလေးအရွယ်အထိကိုင်ပင်လျှင်မည်ကဲ့သို့ ကောင်းမွန်စွာပြုစုဖို့ရန် စီစဉ်ထားကြပေလိမ့်မည်။

ထို့အတူ အရာအားလုံးကို ဖန်ဆင်းတော်မူသော ဘုရားသခင် ကျွန်ုပ်တို့အဖသည်လည်း သူ၏ကိုယ်စားလူသားမျိုးနွယ်အပေါင်းတို့ကို ကောင်းဖို့ရန်အတွက် စီစဉ်ထားမှာဖြစ်ပါသည်။

**"အထက်ဆိုခဲ့ပြီးသောအကြောင်းကြောင့် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တအိမ်ထောင်လုံးတည်းဟူသောသားတော်အပေါင်းတို့၏၊ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်ဆုတောင်းလေ့ရှိ၏။" (ဖေက် ၃း၁၄၊၁၅)**

ဤသို့သောမကောင်းမှုများအားလုံးကို ဘုရားသခင်ခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်မှာ မြော်လင့်ရသောအခွင့်ကို ပေးထားခြင်းဖြစ်ပါသည်။ ထိုမြော်လင့်ခြင်းအခွင့်သည် သင်ခန်းစာတခုအနေဖြင့်မကောင်းမှုကို ခွင့်ပြုထားရခြင်းအပေါ်တွင် နားလည်သဘောပေါက်လာဖို့နှင့် ခါးသီးသောအရာသာကို ရရှိလာပါ မည်။

ထို့နောက်မကောင်းမှုများအပေါ်တွင် တိုးတက်လာသော နားလည်မှုများမှ မကောင်းမှုများကို သိ လာရသော အမြတ်အစွန်းရရှိဖို့ရန်ဖြစ်ပါသည်။

အချို့သောသူများတို့လည်း သာ၍ကောင်းပြီး လွယ်ကူစွာနာကျင်မှုမခံစားရဘဲ ဤမကောင်းမှုမျိုးများထဲမှ လွတ်မြောက်အနိုင်ယူဖို့ရန် နည်းလမ်းမရှိပေဘူးလားဟုမေးလာကြပါသည်။

ဤမေးခွန်းကို ဖြေဆိုဖို့ရန် အမျိုးမျိုးသော နည်းလမ်းများကို ဆင်ခြင်သုံးသပ်ဖို့ရန် လိုအပ်ပါသည် အမှန်စင်စစ် ထိုအသိပညာများကို ဆည်းပူးသိရှိရန် နည်းလမ်း (၄)ချက်ရှိပါသည်။

၁။ အလိုအလျှောက်ဗီဇစိတ်ဖြင့်သိခြင်း။ **(Intuition)**

၂။ လေ့လာခြင်း၊ **(observation)**

၃။ သတင်းအချက်အလက်သိုမှီးခြင်း၊ **(Information)**

၄ အတွေ့အကြုံ တို့ဖြစ်ပါသည်။ **(Experience)**

၁။ အလိုလိုဗီဇစိတ်ဖြင့်သိရှိခြင်း။ **(Intuition)**

ဤအသိပညာသည် တိုက်ရိုက်နားလည်းမှုတခုဖြစ်ပြီးမြည်းစမ်းထိတို့ဖို့ရန်မလိုပါ။ အရာခပ်သိမ်းအားလုံးကို ရှင်းလင်စွာနှင့် တခုလုံးကို အလိုအလျှောက်သိစေသောအသိဖြစ်ပါသည်။ ဤနည်းလမ်းသည် ထာဝရဘုရားထံမှာရှိသော အသိပညာများဖြစ်ပါသည်။ ဘုရားသခင်အတွက်တော့မကောင်းမှုကို တွေ့ကြုံဖို့နှင့်မကောင်းမှု၏ ရလဒ်ကိုသိဖို့ရန်မဟုတ်ပါ။ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သော အလိုအလျောက်သိသောပညာကို **(ဟေရှာယ ၄၀း၁၄)** တွင် ကြည့်မည်ဆိုလျှင် -

**“အဘယ်သူနှင့်တိုင်ပင်တော်မူသနည်း။ ထိုဘုရားကို အဘယ်သူသွန်သင်သနည်း။ ထိုဘုရားအား တရားလမ်းကိုပြသောသူ၊ ပညာနည်းကိုပေးသောသူ၊ ဉာဏ်လမ်းကိုညွှန်သောသူကားအဘယ်သူနည်း။”**

ဘုရားသခင်သည်သာလျှင် နည်းပေးလမ်းပြသူဖြစ်ပါသည်။ ဤပညာသည် ထာဝရဘုရားထံမှလာသောပညာဖြစ်ပါသည်။ ထိုအသိပညာ၏ တန်ခိုးကို လူသားများရရှိရန်တောင်းဆိုး၍မရနိုင်ပါ။

၂။ သင်ယူလေ့လာခြင်း၊ မြင်တတ်လာခြင်း။ **(observation)**

ဤနည်းလမ်းသည်။ ဂရုပြုမှုနှင့် လေ့လာသင်ကြားမှုအားဖြင့် မြင်တတ်လာသော အသိပညာကို ရရှိလာပါမည်။ ရရှိလာသည့် ဝိညာဉ်အသီးများကို အခြားသောအသက်တာနှင့် ပြုမူခြင်းများထဲသို့ နေရာယူသွားနိုင်ပါသည်။ တနည်းအားဖြင့်ဆိုရသော် မိသားစုအသက်တာတွင်၎င်း၊ သူငယ်ချင်းများ ဆွေမျိုးသားချင်းအကြားထဲတွင်၎င်း၊ ကျောင်းထဲမှာဖြစ်စေ၊ အလုပ်အကိုင်ထဲတွင်ဖြစ်စေ၊ ခရီးသွားလာသောအခါ ဘတ်စ်ကား၊ ရထားပေါ်တွင်၎င်းမြောက်များစွာသော သင်ယူလေ့လာခြင်းများကို ရရှိနိုင်ကြပါသည်။ ဥပမာအားဖြင့် အန္တရာယ်ရှိပြီး အပြစ်ကိုလွန်ကျူးစေတတ်သောလုပ်ရပ်များ၊ ဒုစရိုက်အကျင့်ဖြစ်သော ဆေးလိပ်သောက်ခြင်း၊ သောက်စားခြင်း၊ လောင်းကစားလုပ်ခြင်း၊ မကောင်းသောစကားလုံးများဖြင့်ပြောဆိုခြင်းနှင့် အတ္တဆန်မှုများ အစရှိသဖြင့် တွေ့မြင်နိုင်ပါသည်။

ဤနည်းလမ်းများဖြင့် သင်ခန်းစာများရရှိနိုင်ပါသော်လည်း အားလုံးသောအကြောင်းအရာများကို အတွင်းကျကျ ခိုင်လုံသောအသိပညာများကိုမပေးနိုင်ပါ။ အားလုံးသော သင်ခန်းစာများအနေဖြင့်ရရှိနိုင်

ပါသော်လည်း အားလုံးသော သင်ခန်းစာမဟုတ်ပါ။

ဤအရာကို သင်သိခဲ့ပါသလား။

ကောင်းကင်ဘုံမှ ကောင်းကင်တမန်များသည်သူတို့၏ အသိပညာများဖြစ်သော ဒုစရိုက်နှင့် အပြစ်များကို သင်ယူခဲ့ကြသောနည်းလမ်းတခုဖြစ်လာပါသည်။

**"သတ်ဖို့ရာထားသောသူကဲ့သို့ အခြားသောသူများနောက်၌ တမန်တော်တည်းဟူသော ငါတို့ကို ဘုရားသခင်ထုတ်ပြတော်မူသည်ဟု ငါထင်၏။ အကြောင်းမူကား ငါတို့သည်လောကီသားများနှင့်ကောင်းကင်တမန်များ မျက်မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏။" (၁ကော ၄း၉)**

ပွဲဝင်သောသူဆိုသည်မှာ ဇာတ်ခုံရှေ့တွင် ကပြရ သောသူများ သရုပ်ဆောင်များအနေဖြင့် လူအများမြင်စေသည်အပြင် ကောင်းကင်တမန်များလည်းမြင်နိုင်ပါသည်။ ဤလောကကြီးသည် လူသားများနှင့် ကောင်းကင်တမန်များအတွက် ဇာတ်ခုံ **(Stage Show)** တခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုဇာတ်ခုံပေါ်တွင် ရောက်ရှိနေ သောသူများဖြစ်သည်။

ရေမလွှမ်းမိုးခင် (ပထမကမ္ဘာ) အချိန်တွင်မှာပင် ကြည့်ရှုမြင်တတ်လာသော ကောင်းကင်တမန်တို့သည် ကျဆင်းနေသောလူသားအမျိုးအနွယ်များကိုပင်လာရောက်ရှာဖွေပြီး ကူညီ စောင်မကြပါသည်။ အတူနေလာကြပါသည်။

**"ငါတို့ပြောဆိုသော နောင်ကပ်ကမ္ဘာကို အုပ်စိုးရသောအခွင့်ကို ကောင်းကင်တမန်တို့၌ အပ်ပေးတော်မူသည်မဟုတ်။" (ဟေဗြဲ ၂း၅)**

သူတို့လည်း တုန်လှုပ်ချောက်ခြားသွားခဲ့ရပါသည်။ ကျဆင်းနေသောလူသားများ၏ ကြောက်မက်ဘွယ်ရာအပြစ်နှင့်သေခြင်းသို့ရောက်သွားရပါသည်။ ဤနည်းအားဖြင့်ကောင်းကင်တမန်တို့သည် ဆိုးဝါးခြင်းနှင့်အပြစ်များကို သိရှိရသွားခဲ့ရပါသော်လည်း၊ လူသားတို့သည်လေ့လာထင်မြင်ချက်တခုတည်းအား ဖြင့်၊ အားလုံးသောအသိပညာရရှိနိုင်မည်မဟုတ်ပါ။ တတိယနည်းလမ်းဖြစ်သော အချက်အလက်သတင်း ရယူခြင်းဖြင့် သိရှိနားလည်မှုကိုရယူနိုင်သည်ကို လေ့လာသွားပါမည်။

၃။ သတင်းရယူမှု၊ **Information**

ဤနည်းလမ်းသည် အသိပညာများရရှိနိုင်ပါသည်။ အန္တရာယ်များဖြစ်လာမည့်ဟု ရေးသားထား ခြင်း၊ ပြောဆိုထားခြင်းမှတ်တမ်းများကို အသေးစိတ်ရေးသားပြောဆိုခြင်းမှ ရရှိပါသည်။ ဤနည်းလမ်းကို ဘုရားသခင် ဒေင်ဥယျာဉ်ထဲတွင်အသုံးပြုခဲ့ပါသည်။

**"ထာဝရအရှင်ဘုရားသခင်ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။" (က ၂း၁၆.၁၇)**

ဤသတင်းစကားသည် လုံလောက်စေသောအပြစ်ထဲသို့ မကျဆင်းရန် ကာကွယ်မှုမပေးနိုင်ပါ။ ဤနည်းလမ်းအားဖြင့် ယနေ့ မိဘနှင့်သားသမီးများအခြေအနေကို ကြည့်လျှင်သိနိုင်ပါသည်။ မိဘတို့ သည်

သူတို့၏ကလေးများကို သူတို့ကြုံတွေ့ခဲ့ရသမျှအခက်အခဲများနှင့် ဒုက္ခများကို သူတို့၏ကလေးများ ကို ပြောကြားပြီး၊ ဒုစရိုက်များမလုပ်ဖို့ရန်တားမြစ်ကြမည်မှာအမှန်ပင်ဖြစ်သည် သို့သော်လည်း သူတို့၏ ကလေးများသည် နားထောင်ပါရဲ့လား။ အချို့သောအရာ ကိစ္စများတွင် နားထောင်မည်ဖြစ်ပြီး၊ များသော အားဖြင့် နားမထောင်ကြပါ။ ယခုလက်တွေ့ကျသောအတွေ့အကြုံနည်းလမ်းကို လေ့လာကြပါမည်။

၄။ အတွေ့အကြုံ **Experience**

ဤနည်းလမ်းအားဖြင့် အသိပညာဆိုင်ရာများကို လေ့လာဆည်းပူးသင်ယူနိုင်ပါသည်။ လူတစ်ယောက်၏ မိမိလက်ဖြင့် ကိုယ်တိုင်လက်တွေ့ခံစားရသောအရာများအပေါ်တွင် အခြေခံပါသည်။ ဤသင်ယူခြင်းနည်းလမ်းသည်မကောင်းမှုသည်၊ ခါးသီးခြင်းနှင့်နာကျင်ခြင်းများကို သိမြင်နိုင်သည်။ ဤပိုမိုပြင်းထန်သောခံစားချက်ကို စိတ်ထဲနှင့်မှတ်ဉာဏ်များထဲကိုပါ မှတ်တမ်းတင်ရသည့်အထိဖြစ်လာရသည်။ ဤနည်းလမ်းအားဖြင့် လူသားများအားလုံ ကောင်းကြီးများခံစားဖို့ရန်ရှိပါသည်။

**"ဆုံးမခြင်းမည်သည်ကား၊ ခံရစဉ်အခါ ဝမ်းမြောက်စရာမထင်၊ ဝမ်းနည်းစရာထင်တတ်၏။ သို့သော်လည်း၊ ဆုံးမခြင်းကိုခံရသောသူတို့သည် နောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအ ကျိုးကိုခံရကြ၏။" (ဟေဗြဲ ၁၂:၁၁)**

ဟုတ်ပါသည် အတွေ့အကြုံသည် များစွာအကျိုးထိရောက်သောနည်းလမ်းတခုဖြစ်ပါသည်။ အများအဆိုအရ၊

၁။ အတွေ့အကြုံသည် အကောင်းဆုံးသော ဆရာဖြစ်သည်။

၂။ ပူတင်း၏အရသာသည် စားကြည့်မှ သိရပါသည်။

ထို့ကြောင့် ဘုရားသခင်သည် လူများကို မကောင်းသောအတွေ့အကြုံများကိုပေးတွေ့ရခြင်းမှာ ဆိုးဝါးကြောက်မက်ဘွယ်သောအကျိုးရလဒ်ကို သိရှိဖို့ရန်ဖြစ်သည်။

- ခန္ဓာကိုယ်အတွက်၊ ဖျားနာခြင်း၊ ရောဂါရခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း၊ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းမှုဖြစ်စေခြင်းအစရှိသည်တို့ကို တွေ့ကြုံရစေသည်။
- စိတ်ဓါတ်ရေးရာတွင်လည်း ဖိစီမှုများ၊ စိတ်ဖောက်ပြန်မှုများ၊ စိတ်ရောဂါများအစရှိသည်ကို ဖြစ်နေရခြင်း
- တဦးချင်းစီအနေခြင့် စိတ်မမှန်ခြင်းများ
- မိသားစုအနေဖြင့် တကိုယ်ကောင်းဆန်မှုကြောင့် အိမ်ထောင်ရေးပျက်စီးသွားခြင်းများ၊
- အသင်းအဖွဲ့များအနေဖြင့် မတရားမှုများ၊ အကျင့်စာရိတ္တပျက်ပြားမှုများဖြစ်ခြင်းများကို တကမ္ဘာလုံးနှင့်အမျှ နိုင်ငံတိုင်းတွင်ရှိနေပါသည်။ အုံကြွမှုများ၊ လူမျိုးခွဲခြားမှုများ၊ နယ်နမိတ်ကျော်ဖြတ်ပြီး အကြမ်း ဖက်များနှင့် စစ်ဖြစ်ရခြင်း အစရှိသည်တို့မှာ ဆိုးယုတ်မှုများကြောင့် ပျက်စီးခြင်းသို့ ရောက်သွားရပါသည်။ ဆိုယုတ်ခြင်းများကို ခွင့်ပြုထားခြင်းသည် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်သော်၎င်း၊ ပျက်စီးဆုံးရှုံးခြင်းများ ကိုရရှိခံစားသွားရပါသည်။

ဆက်လက်ပြီး ဘာဖြစ်လို့ ဘုရားသခင်သည် အမှန်တကယ်ဘဲ ဆိုးယုတ်မှုများကို ခွင့်ပြုထားရပါ သလဲကို လေ့လာသွားပါမည်။

မီးဖြင့် ဥပမာပေးပါမည်။

မီးသည်တောက်ပသောအရောင်အဆင်းရှိပြီး ဆွဲဆောင်မှုရှိပါသည်။ ကလေးငယ်တယောက်သည် ထိုမီးကိုပို၍စိတ်ဝင်စားနေပါသည်။ သို့သော် မီးသည်ကြီးမာသောအန္တရာယ်ရှိနေသည်ကို သူမသိပါ။ ထိုကလေးငယ်ကို ချစ်ပြီး၊ အသိဉာဏ်ရှိသော သူ၏ဖခင်သည် သူ၏ကလေးသည် မီးကိုမြင်ပြီး စိတ်ဝင်စားနေသည်ကို တွေ့ရသောအခါတွင် သူ၏ကလေးငယ်ကို အတွေ့အကြုံရှိဖို့ရန် သူ၏လက်ကို မီးအနားသို့ ယူလာပြီး၊ ပူမှန်းသိအောင်ထားပြလိုက်ပါသည်။ ထိုကလေးငယ်သည် စွဲမြဲစေသောသင်ခန်းစာအနေဖြင့် မီးသည် အန္တရာယ်ဖြစ်တတ်သည်ကို မေ့နိုင်မည်မဟုတ်ပါ။ ဒါတောင် မီးလောင်သွားခြင်းမဖြစ်သေးပါ။ အပြစ်သည်လည်း မီးနှင့်တူပါသည်။ အပြစ်သည် အန္တရာယ်ရှိလာနိုင်ပါသည်။

အပြင်ပိုင်းမှာဖြင့် ဆွဲဆောင်မှုနှင့်ကျေနပ်အားရစရာကို မြင်တွေ့ရသည်။ အပြစ်၏နည်းလမ်းတိုင်း ပုံစံတိုင်းသည် အမြင်အားဖြင့် ဆွဲဆောင်နိုင်ပြီး လူကိုကျဆင်းစေပါသည်။ (သုတ္တံ ၁၄း၁၂) တွင် -

**"လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏။"**

ဟုတ်ပါသည်။ ယနေ့အားလုံးသောအပြစ်သည် အမြင်အားဖြင့် အရမ်းကိုပင် နှစ်လိုဘွယ်ဖြစ်စေပြီး လူတွေကို အပြစ်ထဲသို့ ကျဆင်းစေပါသည်။

ဥပမာအားဖြင့် လိမ်လည်လှည့်စားခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ သောက်စားခြင်း၊ မ ကောင်းမှုဒုစရိုက်များစသည်တို့ဖြစ်ပါသည်။ သို့သော် ဤမြည်းစမ်းခြင်းသည် ခါးသောအရသာသို့ ပို့ ဆောင်သွားပါသည်။ ဝေဒနာခံစားရခြင်း၊ ဝမ်းနည်းပူဆွေး ဒုက္ခရောက်ခြင်းနှင့်သေခြင်းကို ဖြစ်ပါသည်။ ဘုရားသခင်၏ မြော်လင့်ရသောအခွင့်ကို (ရော ၈း၂၀. ၂၁) တွင်တွေ့နိုင်ပါသည်။

**"ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည်မဟုတ်၊ ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်း၊ အနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်းချမ်းသာ ကို၊ ဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကို ပေး၍အနိစ္စနိုင်ငံသို့ လိုက်စေသောသူ၏အလိုတော်ကြောင့် သာလိုက်ရ၏။"**

လူသားအားလုံးသည်၊ အပြစ်၏ ပူလောင်ခြင်းကို တန်ဖိုးရှိသော သင်ခန်းစာတခုအနေဖြင့် ကြုံတွေ့စေပါသည်။ အပြစ်၏အခသည် သေခြင်းဆိုသည်မှာ -

**"အပြစ်တရားသည်၊ မိမိသဘောကို ထင်ရှားစေခြင်းငှါ ကောင်းမြတ်သောအရာအားဖြင့် ငါ၌သေခြင်းကိုပြု၍၊ သေခြင်းအကြောင်းဖြစ်၏။" (ရော ၇း၁၃)**

သို့သော်လည်း ဘုရားသခင်သည် ထိုမီးကို လောင်ကျွမ်းသွားစေသည်အထိ မပြုလုပ်ခဲ့ပါ။ လူသားများကိုလည်း အမြဲတစေမဖျက်ဆီးပစ်ပါ။ ဘုရားသခင်၏ ဂရုဏာနှင့်ကျေးဇူးတော်ကို (ဟောရှေ ၁၃း၁၄) တွင် တွေ့နိုင်ပါသည်။

**"သူတို့ကို မရဏာနိုင်ငံတန်ခိုးမှ ငါကယ်လွှတ်မည်။ သေမင်းလက်မှလည်းရွေးမည်။ အိုသေမင်း၊ သင့်ကိုကာလနာစွဲစေမည်။ အိုမရဏာနိုင်ငံသင်၌ ဖျက်ဆီးသောဘေးကို ရောက်စေမည်။ နောင်တရမည်** အကြောင်းကို၊ ပမာဏမပြု။"

ဟုတ်ပါသည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးကို သေခြင်းမှ ကယ်နှုတ်ဖို့ရန် အကြံအစည်ရှိပါသည်။ ဤအရာသည် ကရာနီမှ ကားတိုင်ပင်ဖြစ်သည်။

အမှန်တကယ်ပင် လူသားအားလုံးသည် သင်ယူလာရပါလိမ့်မည်။ လူသားတို့၏ အနာဂတ်တွင်ဖြစ်လာမည့်အခြေအနေကို ပရောဖက်ပြုထားသည်မှာ -

**"လူသည်ရွှေစင်ထက်အဘိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် သြဖိရ ရွှေကျောက်ထက် အ ဘိုးထိုက်မည်အကြောင်း ငါပြုမည်။" (ဟေရှာယ ၁၃း၁၂)**

ဟုတ်ပါသည်။ ရွှေစင် **(Fine gold)** သည်ထူးခြားသော စရိုက်လက္ခဏာကို သင်္ကေတပြုထားပါသည်။

**"ထိုသူတို့သည် ငါ့ကိုပြစ်မှားသောသူတို့၏အသေကောင်များကို၊ ထွက်၍ကြည့်ရှုကြလိမ့်မည်။ သူတို့၏ပိုးသည် မသေနိုင်ရာ၊ သူတို့၏ မီးသည်လည်း မငြိမ်းနိုင်ရာ၊ လူသတ္တဝါအပေါင်းတို့၌ ရွံရှာဘွယ်ဖြစ် ရကြလိမ့်မည်ဟု မိန့်တော်မူ၏။" (ဟေရှာယ ၆၆း၂၄)**

ဟုတ်ပါသည်။ လူအပေါင်းတို့သည် အပြစ်တရားကို မုန်းတီးရန်နှင့် ဖြောင့်မတ်ခြင်းတရားကို ရွှေစရိုက်လက္ခဏာသို့ ကြီးထွားလာရန် သင်ယူလာရပါလိမ့်မည်။ ဘုရားသခင်၏ ခြေတင်ရာခုံ **(Foot Stool)** သည်မြေကြီးလား။ ကျောင်းတော်လား။ စသည်ကို (ဟေရှာယ ၆၀း၁၃) တွင် -

**"ငါ၏သန့်ရှင်းရာဌာနကို တင့်တယ်စေခြင်းငှာ လေဗနုန်ဘုန်းနှင့်တကွ ထင်းရှူးပင်၊ တဒေရပင် တာရှုရပင် တို့သည် သင့်ထံသို့ တညီတညွတ်တည်းရောက်လာကြလိမ့်မည်။ ငါသည် ငါ၏ခြေတင်ရာအ ရပ်ကို ဘုန်းပွင့်စေမည်။"**

ဟုတ်ပါသည်။ ဤကမ္ဘာကြီး၏ ဘုန်းအသရေကို ရည်ညွှန်းပါသည်။ နောင်လာမည့် ဤမြေကြီးအခြေအနေမှာ စုံလင်ခြင်းနှင့် ပျော်ရွှင်ခြင်းများဖြစ်မည်ကိုလည်း ရည်ညွှန်းပါသည်။

**"ထာဝရဘုရားကယ်လွှတ်တော်မူသောသူတို့ (သချိုင်းမှ လူသားများ) သည် ပြန်လာ၍ သီချင်းဆို လျက် ထာဝရဝမ်းမြောက်ခြင်းသရဖူကို ဆောင်လျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင် လန်းခြင်းအခွင့်ကို ရကြ၍၊ ဝမ်းနဲခြင်းနှင့်ညည်းတွားခြင်းသည် ပြေသွားရလိမ့်မည်။" (ဟေရှာယ ၃၅း၁၀)**

ဟုတ်ပါသည်။ ထာဝရဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် ဖြစ်ဖို့ရန် ယုံရခက်ပါသည်။ နောက်ထပ်ကျမ်းပိုဒ်တခုကို ကြည့်ကြပါမည်။

**“ဘုရားသခင်သည် သူတို့၏ မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန်သေ ဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ အကြောင်းမူကား <u>ရှေးဖြစ် ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။</u>” (ဗျာ ၂၁:၄)**

<u>ရှေးဖြစ်ဘူးသောအရာတို့သည်</u> မည်သည့်အရာနည်း။

ဟုတ်ပါသည်။ ဆိုးယုတ်ခြင်း၊ ရောဂါ၊ နာကျင်မှု၊ မျက်ရည်များ၊ သေခြင်း စသည်တို့ဖြစ်ကြပါသည်။ ယခုလည်း ဤခွင့်ပြုထားသော ဆိုးယုတ်မှုသည်လည်း အဆုံးသို့ရောက်လာပါတော့မည်။

ဟုတ်ပါသည်။ သေခြင်း၊ ဝမ်းနည်းခြင်းနှင့် ငိုကြွေးခြင်းများတို့သည် အားလုံးပျောက်ကွယ်သွားပါလိမ့်မည်။

ခဲယဉ်းဆိုးယုတ်မှုကို ခွင့်ပြုထားခြင်း၏နေရာအစားကို ဘုရားသခင်၏ ရုဏ်သတင်း၊ ပညာ၊ မေတ္တာနှင့် တန်ခိုးများသည် ကာလတခုအနေဖြင့် အချိန်တချိန်တွင် ထင်ရှားစွာပေါ်လာပါလိမ့်မည်။

**“မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူထုတ်ဘော်နိုင်သနည်း။ အဘယ်သူ မျှမထုတ်မဘော်နိုင်ပါ။” (ယောဘ ၁၄:၄)**

မှန်ပါသည်။ ဘုရားသခင်ကပင်လျှင် ယခုဆိုးယုတ်သော ကမ္ဘာမှ ပကတိပြည့်စုံကောင်းမွန်သောကမ္ဘာကို နေထိုင်လျက်ရှိသော စုံလင်သော လူများတို့အားဖြင့် ဖြစ်လာစေနိုင်လိမ့်မည်။

လူသားများသည် နောက်ဆုံးတွင် အပြစ်နှင့်ဆိုးယုတ်ခြင်းများကို မုန်းလာတတ်ဖို့ရန် သင်ယူရပါလိမ့်မည်။ ဤသည်မှာ ဘုရားသခင်သည် ဆိုးယုတ်ခြင်းကို ခွင်ပြုထားရခြင်းဖြစ်ပါသည်။

အား လုံးသော ဘုရားသခင်ဖန်ဆင်းတော်မူသော ကောင်းကင်တွင်ဖြစ်စေ၊ မြေကြီးပေါ်တွင်ဖြစ်စေ၊ ထာဝရဘုရားကို သီချင်းဆို၍ ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်းများဖြစ်လာပါမည်။ ဝေနေယသတ္တဝါအပေါင်းတို့သည် ပလ္လင်ပေါ်တွင် ထိုင်နေသောအနန္တတန်ခိုးရှင်ဘုရားသခင်နှင့် သူ၏ ဘုန်းအာနုဘော်သားတော်ယေရှုသိုးသငယ်တို့သည် လာမည့်အနာဂတ်တွင် သူတို့၏ ချစ်ခြင်းမေတ္တာ၊ တရားမျှတမှု၊ ပညာနှင့် တန်ခိုးများကို ဘုရားသခင်၏ အကြံအစည်ထဲတွင် ထုတ်ဖော်ပြသသွားမည်ဖြစ်ပြီး နောက်ဆုံးတွင် ဆိုးယုတ်မှုကို တခဏလေးမျှသာခွင့်ပြုထားပါလိမ့်မည်။

**“ထိုအနှစ်တထောင်ကုန်ပြီးမှ စာတန် သည်ထောင်ထဲက လွတ်သောအခွင့်ကိုရ၍၊” (ဗျာ ၂၀:၇)**

ဟုတ်ပါရဲလား။ တလောကလုံးက ဘာတွေပြောဆိုမည်ကိုလည်း နာထောင်ကြည့်ရအောင်၊

**“ကောင်းကင် (ကောင်ကင်တမန်များ)၊ မြေကြီး (လူသားမျိုးနွယ်)၊ မြေကြီးအောက် (နောက်တဖန် အသက်ရှင်ဖို့ရန် လူသေတို့ပြန်ရှင်လာခြင်း)၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌၊ ရှိရှိသမျှသောဝေနေယျသတ္တဝါအပေါင်းတို့က၊ ပလ္လင်ပေါ် တိုင်တော်မူသောသူနှင့် သိုးသငယ်သည်၊ ကမ္ဘာအဆက်ဆက် ကောင်းကြီး မင်္ဂလာ၊ ရုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိစေတော်မူသတည်းဟု <u>ပြောဆိုကြသည်ကို ငါ ကြားလေ၏။</u>” (ဗျာ ၅:၁၃)**

မှန်ပါသည်။ ယခုပင် ကျွန်ုပ်တို့၏ ဘုရားသခင်ကို ချီးမွမ်း၍ ကျေးဇူးတင်ပါ။ ကျွန်ုပ်တို့ပြင်းပြနေသောမေး ခွန်းနှင့် သမ္မာတရားအဖြေကို တွေ့ရှိရခြင်းကြောင့် ထာဝရဘုရားသခင်ကို ချီးမွမ်းကိုးကွယ်ပါသည်။

- အာမင် -